# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**December 13 , 2024** | **Volume 85 , Number 10**


၁၃.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၉၁ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၃၃ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၂.၆၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၇.၇၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၇၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၁.၄၉ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၅ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## စိုက်ပျိုးပြီးစအချိန် ရေကြီးလို့ ပဲမြစ်အထွက်နှုန်းလျော့ကျပြီး ဈေးကောင်းနေ




စိုက်ပျိုးပြီးစအချိန်မှာရေကြီးရေလျှံမှုဒဏ်ခံလိုက်ရလို့ ဒီနှစ်ပဲမြစ်ပေါ်ချိန်မှာဈေးကွက်ထဲကုန်ဝင်ရောက်မှုလျော့ကျသွားတယ်လို့ မန္တလေးကုန်စည်ဈေးကွက်က သိရပါတယ်။

“ဒီနှစ် ပဲမြစ်အဝင်က မနှစ်ကထက် အများကြီးလျော့ကျသွားတယ်၊ စိုက်ခင်းတွေရေဝင်ပြီး ပျက်တာလို့ပြောတာပဲ၊ဈေးကွက်ထဲဝင်ချိန်ကတော့ ပုံမှန်ပါပဲ” လို့ မန္တလေးဈေးချိုကိုင်းတန်းဈေးအနီးဖွင့်ထားတဲ့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

အရင်နှစ်တွေကတစ်ရက်ကိုကုန်ပိဿာချိန်ရာနဲ့ချီပြီး ဝင်ရောက်ခဲ့ပေမဲ့လည်းဒီနှစ်မှာသိသိသာသာ ကုန်ဝင်လျော့ကျနေတယ်လို့လည်း သိရပါတယ်။

“ရာခိုင်နှုန်းအားဖြင့် ၇၀ ရာခိုင်နှုန်းလောက်ကိုလျော့ကျသွားတယ်၊ လတ်တလောအခြေအနေပေါ့ နော်၊ ကုန်အဝင်နည်းတော့ ထုံးစံအတိုင်းဈေးကောင်းတာပေါ့ဗျာ”လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ပဲမြစ်ကို မိုးရာသီအစ ဇွန်၊ ဇူလိုင်မှာ စတင်စိုက်ပျိုးကြတာဖြစ်ပြီး အဲဒီအချိန်ကာလတုန်းက အထက်အညာဒေသ မန္တလေးတိုင်းဒေသကြီးတံတားဦးအပါအဝင် မြို့နယ်လေးခုထက်မနည်းမှာ မုန်တိုင်းမိုးဒဏ်ခံခဲ့ရပါတယ်။အထူးသဖြင့် တံတားဦးမြို့နယ်ထဲက ပဲမြစ်အဓိက စိုက်ပျိုးရာကျေးရွာတွေဖြစ်တဲ့ မန်ကျည်းတော၊ စကားအင်း၊ သူငယ်တော်၊ ပန်းယျစတဲ့ကျေးရွာတွေဟာ ရေကြီးရေလျှံမှုဒဏ် အကြီးအကျယ်ခံခဲ့ရပါတယ်။

“ အခုမန္တလေးဈေးကွက်ထဲဝင်တာတွေက ရွှေဘိုဘက်ကများတယ်၊ တံတားဦးဘက်ကဒီနှစ်ရေကြီးဒဏ်ခံလိုက်ရတော့အထွက်နည်းလို့အဝင်လည်းနည်းတယ်၊ဒီနှစ်လက်ကား

ဈေးတင် မနှစ်ကလက်လီဈေးထက်ပိုနေတယ်” လို့ မန္တလေးကမ်းနားလမ်းကုန်စိမ်းဈေးမှ ဈေးသည်တစ်ဦးကပြောပါတယ်။

မန္တလေးဈေးကွက်ထဲမှာ ဒီနှစ်ပဲမြစ်တစ်ပိဿာကို လက်ကားဈေး ၅၀၀၀ ကျပ်အထိဈေးဖွင့်ရောင်းချနေပြီး၊ မနှစ်ကတော့ လက်ကားဈေးတစ်ပိဿာကို ၃၅၀၀ ကျပ်သာရှိခဲ့တယ်လို့သိရပါတယ်။

ပဲမြစ်ဟာ မြန်မာနိုင်ငံနေရာအနှံ့အပြားမှာ စိုက်ပျိုးထွက်ရှိ တယ်ဆိုပေမဲ့ အညာဒေသမှာ အများဆုံးစိုက်ပျိုးထွက်ရှိတာပါ။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ထဲက မန်ကျည်းတော၊ စကားအင်း၊ သူငယ်တော်၊ ပန်းယျ စတဲ့ ကျေးရွာ တွေမှာအများဆုံးစိုက်ပျိုးကြတာဖြစ်ပြီးတံတားဦးမြို့နယ်မန်ကျည်းတောကျေးရွာကထွက်တဲ့ပဲမြစ်ကတော့စားလို့ကောင်းလို့ နာမည်ကျော်ကြားပါတယ်။

ပဲမြစ်ကို မန္တလေးဈေးကွက်ကတစ်ဆင့် မြင်းခြံ၊ မုံရွာ၊ မြစ်ကြီးနား၊ နေပြည်တော်၊ ရန်ကုန်၊ တောင်ကြီး အစရှိတဲ့မြို့တွေဆီကို နှစ်စဉ်ပိဿာချိန်ငါးသိန်းကျော်အထိ တင်ပို့အရောင်းအဝယ်ပြုလုပ်ကြပြီး၊ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဂျပန်စတဲ့နိုင်ငံတွေကို တင်ပို့ရတဲ့နှစ်တွေရှိခဲ့သလို တချို့နှစ်တွေမှာ ဥရောပနိုင်ငံတွေဆီအထိ တင်ပို့ရတယ်လို့ သိရပါတယ်။

**Source :** https://htwettoe.com/

## အခြေခံစားသောက်ကုန်စည်ဈေးကွက်အတွင်း ပြည်တွင်းစားသုံးဆန်များကို ကားဖြင့်လှည့်လည်ရောင်းချပေးနေ




မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ကြီးကြပ်စီစဉ်မှုဖြင့်ရန်ကုန်တိုင်းဒေသကြီးအတွင်းအခြေခံစားသုံးသူပြည်သူများအတွက်ပြည်တွင်းစားသုံးဆန်များအား ကားများဖြင့်မြို့နယ်များတွင်လှည့်လည်ရောင်းချပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ရောင်းချပေးမှုတွင် ညှော့မထဆန် ၅ ကီလို ၂ ပြည်ခွဲတစ်အိတ်လျှင် ကျပ် ၈၀၀၀နှုန်း၊ ပေါ်ဆန်းဆန်၅ကီလို ၂ ပြည်ခွဲတစ်အိတ်လျှင် ကျပ် ၁၃,၅၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေးနေခြင်းဖြစ်သည်။

ယင်းသို့လိုက်လံရောင်းချပေးနေသည့်အတွက်ညှော့မထဆန်တစ်ပြည်လျှင် ကျပ် ၃၂၀၀ နှုန်း၊ ပေါ်ဆန်း ဆန်တစ်ပြည်လျှင် ကျပ် ၅၄၀၀ နှုန်းသာ ကျသင့်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့်ညီနောင်အသင်း၊ကုန်စည်ဒိုင်၊ဆန်စပါးကုမ္ပဏီများ၏ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းအတွင်းရှိ စားသုံးသူပြည်သူများအတွက် သက်သာသည့်ဈေးဖြင့် ဆန်ရောင်းချပေးခြင်းအစီအစဉ်ကိုဆောင်ရွက်ပေးနေပြီး အသေးစိတ်သိလိုပါက အသင်းချုပ် ဖုန်း ၀၉ ၄၀၀၀၆၇၂၆၀ သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

**Source : Popular News Journal**

## ခတ်သတ္တုရွှေ ရည်ညွှန်းဈေးအတိုင်း မရောင်းချပါက အရေးယူမည်



ခတ်သတ္တု ရွှေရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သတ်မှတ်ထုတ်ပြန်ထားသည့်ရည်ညွှန်းဈေးအတိုင်းမရောင်းချပါကအရေးယူသွားမည်ဖြစ်ကြောင်းသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဒီဇင်ဘာလ ၆ ရက်မှစတင်၍ခတ်သတ္တုရွှေရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက သိပ်သည်းဆ ၁၉ ဒသမ၂၅ ဂရမ်နှင့် အထက်ရှိသော စံချိန်မီ ရွှေ ၁ ကျပ်သား ၁၆ ဒသမ ၃၂၉၃၂၅ ဂရမ်၏ ခတ်သတ္တုရွှေရည်ညွှန်းဈေးဖြင့် ရောင်းချရန် သတ်မှတ်ထားသည်။

အဆိုပါ ရည်ညွှန်းဈေးများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား ၊ မြန်မာ့အသံ Radio ၊ သယံဇာတနှင့်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့်ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း၏ Facebook လူမှုကွန်ရက်စာမျက်နှာတို့ တွင်နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။

ယင်းရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်းမပြုပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၅ နှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဓာတ်သတ္တုရွှေရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နောက်ဆုံးထားလျှောက်ထားရန်လည်း အသိပေးထားသည်။

ဒီဇင်ဘာ ၁၂ ရက်အတွက်ဓာတ်သတ္တုရွှေရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီကသတ်မှတ်ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးမှာ ၁ ကျပ်သား ၅,၃၈၀,၀၀၀ ကျပ်ဖြစ်ပြီး အဆိုပါရည်ညွှန်းဈေးကိုရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ထပ်ဆင့်အသိပေးထုတ်ပြန်ထားသည်။

**Source : Popular News Journal**

## မိုးညိုမြို့နယ်တွင်ပဲပုပ်များစတင်ထွက်ရှိ



ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်သည် သီးနှံမျိုးစုံစိုက်ပျိုးထွက်ရှိသော မြို့နယ်ဖြစ်သည်။

ယခုအခါပဲပုပ်သီးနှံများဖြစ်ထွန်းအောင်မြင်နေပြီဖြစ်ရာပဲပုပ်စိုက်တောင်သူများအနေဖြင့် မြို့ပေါ်ကုန်သည်များထံသို့လည်းကောင်း၊ နီးစပ်ရာမြို့များသို့သွားရောက်ရောင်းချခြင်းဖြင့်လည်းကောင်း၊ မြို့ပေါ်ကုန်သည်များကွင်းအရောက်ဆင်းကာဝယ်ယူခြင်းဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မြို့ပေါ်ကုန်သည်ကြီးများအနေဖြင့်တောင်သူများထံမှပွဲရုံအရောက် ပိဿာ ၂၀ တစ်တင်းလျှင် ၁၄,၄၀၀ကျပ်ဖြင့်ဝယ်ယူပေးလျက်ရှိပြီး ယခုအခါမြို့ပေါ်ကုန်သည်ကြီးများအနေဖြင့် တစ်ရက်လျှင် အိတ်ရေ ၃၀၀၀ ခန့်ဝယ်ယူရရှိနေသည်။

ဝယ်ယူရရှိသောပဲပုပ်များအား ရန်ကုန်မြို့ရှိထောက်ကြန့်အစာစပ်စက်ရုံ CP စက်ရုံ၊ မြောင်းတကာ ကြက်၊ ဝက်အစာစက်ရုံများသို့လည်းကောင်း၊ အိတ်လုံးရေ ၂၅၀ အိတ်ဆန့်တွဲကားကြီးများဖြင့်လည်းကောင်း၊ အိတ်လုံးရေ ၃၅၀ အိတ်ဆန့်ကားကြီးများဖြင့်လည်းကောင်း တင်ပို့ရောင်းချလျက်ရှိရာ ပေါက်ဈေးပိဿာ ၂၀ တစ်တင်း လျှင် ၁၇,၄၀၀ ကျပ်ဈေးဖြင့် ရောင်းချရကြောင်း မိုးညိုမြို့ပေါ်ရှိ ပွဲရုံများသို့ကွင်းဆင်း ဆောင်ရွက်မှုများအရ သိရသည်။

**Source : DOCA ( ပဲခူး )**

https://www.doca.gov.mm/my/node/27881

## ကန့်ဘလူမြို့နယ်တွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့နယ်သည်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအပြင် စားဖိုဆောင်သီးနှံများဖြစ်သည့် ကြက်သွန်နီ၊ မုန်လာဥဖြူ၊ မုန်လာထုပ်တို့လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ ကာဘိုးကျေးရွာနှင့်အနီး ကျေးရွာများတွင် မိသားစုစားသုံးရန်နှင့် ပိုလျှံသည်များကိုရောင်းချရန်အတွက် ကြက်သွန်နီကို စိုက်ပျိုးကြကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာနောက်ဆုံးပတ်အတွင်း ကန့်ဘလူမြို့မဈေး၌ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀– ၄၅၀၀ ရှိခဲ့ရာ ဒီဇင်ဘာလပထမပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ – ၅၀၀၀ဖြင့် ရောင်းချကြောင်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ခန့်မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကန့်ဘလူမြို့မဈေးရှိ ကြက်သွန်နီနှင့်ကုန်မျိုးစုံ ရောင်းဝယ်ရေး လုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

**Source : DOCA စစ်ကိုင်း**

https://www.doca.gov.mm/my/node/27891

## မော်လိုက်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၂၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၂၂၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် စားတော်ပဲ ၂၅၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင်မော်လိုက်မြို့နယ်၌ ၄၇၁ ဧက ၊ ဖောင်းပြင်မြို့နယ်၌ ဧက ၁၈၀၀ စုစုပေါင်း ၂၂၇၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်အတွင်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ စားနပ်ရိက္ခာဖူလုံစေဖို့အတွက် စားတော်ပဲဧက ၂၅၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိ ဧက ၂၂၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်လိုအပ်တဲ့နည်းပညာတွေ၊စိုက်နည်းစနစ်တွေဆောင်ရွက်ပေးနေပါတယ်။

"စားတော်ပဲဟာ ပြည်တွင်းစားသုံးမှုများတဲ့ သီးနှံဖြစ်တဲ့အတွက် ဈေးကွက်ရှိပြီး စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေပါတယ်" ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် စားတော်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဧက ၆၆၀၊ဖောင်းပြင်မြို့နယ်တွင် ဧက ၁၉၃၅ စုစုပေါင်း ၂၅၉၅ ဧကဖြစ်ကြောင်းသိရသည်။

မော်လိုက်ခရိုင်တွင် စားတော်ပဲစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်စေရေး၊ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊စိုက်နည်းစနစ်မှန်ကန်ရေး၊ပိုးမွှားကျရောက် မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျ သုံးစွဲရေးအထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ဗီယက်နမ်၏အိမ်ရာမြေဈေးနှုန်းများလွန်ခဲ့သည့်ငါးနှစ်ကျော်ကထက် ၅၉ ရာခိုင်နှုန်းမြင့်တက်



ဗီယက်နမ်နိုင်ငံ၏အိမ်ရာမြေဈေးနှုန်းသည် လွန်ခဲ့သည့် ငါးနှစ်ကထက် ၅၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အမေရိကန် ၅၄ ရာခိုင်နှုန်း၊ ဩစတြေးလျ ၄၉ ရာခိုင်နှုန်း၊ ဂျပန် ၄၁ ရာခိုင်နှုန်း နှင့် စင်ကာပူ ၃၇ ရာခိုင်နှုန်းအစရှိသည့် အခြားနိုင်ငံများထက် သိသာစွာမြင့်တက်ခဲ့ကြောင်း ကမ္ဘာလုံးဆိုင်ရာအိမ်ရာမြေလမ်းညွှန်ထံက အချက်အလက်များအရသိရသည်။

ထိုအချက်အလက်ကို ဗီယက်နမ်နိုင်ငံ၏ Batdongsan.com.vn ၏ ဒုတိယအထွေထွေညွှန်ကြားရေးမှူး ဖြစ်သူ Nguyen Quoc Anh က ဒီဇင်ဘာ ၃ ရက်နေ့ကကျင်းပခဲ့သော ၂၀၂၄ ဗီယက်နမ်အိမ်ရာမြေညီလာခံတွင် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Nguyen Quoc Anh က စီးပွားရေးကြီးထွားမှု၊ အုပ်ချုပ်မှုနှင့် ဝယ်လိုအားတို့သည် အိမ်ရာမြေဈေးနှုန်းများကိုလွှမ်းမိုးနိုင်သည့် အဓိကအကြောင်းအချက်သုံးခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် တစ်ဦးချင်းစီးပွားရေး အားကောင်းလာမှု၊ သင့်တော်သောအတိုးနှုန်းနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများ၏ ထိရောက်မှုတို့ကလည်း အိမ်ရာမြေဝယ်ယူရန်အတွက် စားသုံးသူဝယ်လိုအားကို မြင့်တက်လာစေကြောင်း သိရသည်။

Anh က ဗီယက်နမ်လူထုသည် ဘဏ္ဍာရေးဈေးကွက်၊ အိမ်ရာမြေ၊ ရွှေ၊ နိုင်ငံခြားငွေနှင့် ဘဏ်ငွေစုခြင်း အစရှိသည့် ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းများကို အဓိက အသုံးပြုကြကြောင်း ပြောကြားခဲ့သည်။

အထူးသဖြင့်အိမ်ရာမြေသည် လွန်ခဲ့သည့်ဆယ်စုနှစ် ကျော်တွင် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ပထမသုံးလပတ်ကာလနှင့် နှိုင်းယှဉ်ပါက တိုက်ခန်းဈေးနှုန်းမှာ အကျိုးအမြတ် ၁၉၇ ရာခိုင်နှုန်းနှင့် မြေနေရာမြေကွက်ဈေးနှုန်း မှာ ၁၃၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အိမ်ရာမြေကျွမ်းကျင်ပညာရှင်၏ အဆိုအရ ဗီယက်နမ်၏လူဦးရေနှင့် မြို့နေလူဦးရေနှုန်းထားသည် အိမ်ရာမြေဝယ်လိုအားကြီးထွားလာမှုအတွက် များစွာသောအခွင့်အရေးများကိုဖန်တီးပေးနေကြောင်း ပြောကြားခဲ့သည်။

**Source : Vietnam Plus**

**DOCA ( ရန်ကုန် )**

https://www.doca.gov.mm/my/node/27817

## ၂၀၂၅ ခုနှစ်အတွက် ဆန်တင်ပို့ရန်ရည်မှန်းချက်ကို တန်ချိန် ၇ ဒသမ ၅ သန်းသတ်မှတ်ခဲ့သည့် ထိုင်းနိုင်ငံ



ထိုင်းနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနသည် ၂၀၂၅ ခုနှစ် အတွက် ဆန်တင်ပို့ရန် ရည်မှန်းချက်ကို ယခုနှစ်အတွက်ခန့်မှန်းထားသည့်တန်ချိန် ၁၀ သန်းအောက်လျှော့ချကာ တန်ချိန် ၇ ဒသမ ၅ သန်း သတ်မှတ်ထားကြောင်း သိရသည်။

ထိုင်းနိုင်ငံပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Arada Fuangtong က ယခုနှစ်၏ပထမ ၁၁ လတာကာလတွင် နိုင်ငံသည် ဆန်တန်ချိန် သန်း ၉ ဒသမ ၇ မက်ထရစ်တန်တင်ပို့ခဲ့ပြီး ၂၀၂၃ တူညီသည့်ကာလထက် ၁၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

တင်ပို့မှုပမာဏသည်တန်ချိန်သန်း ၁၀ မက်ထရစ်တန်ထိ ရောက်ရှိပြီး အနည်းဆုံးတန်ဖိုးအမေရိကန်ဒေါ်လာ ၆ ဘီလီယံ ခန့်ရရှိရန် မျှော်မှန်းရကြောင်း သိရသည်။

ထိုကြီးထွားမှုသည် ခရစ်စမတ်၊ နှစ်သစ်နှင့်တရုတ်နှစ်သစ်ကာလတို့တွင် စားသုံးရန်လိုအပ်ချက်ပြည့်မီရန်အတွက် သွင်းကုန်လုပ်ငန်းရှင်များ၏ ဝယ်လိုအားကြောင့်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ဆန်ထုတ်လုပ်မှုသည် ကမ္ဘာ့ဈေးကွက်ဝယ်လိုအားပြည့်မီရန် လုံလောက်မှုရှိပြီး နိုင်ငံ၏အားကောင်းသော ဆန်တင်ပို့နိုင်စွမ်းကလည်း တင်သွင်းသူများထံ တည်ငြိမ်စွာဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် တင်ပို့သည့်ပမာဏမြင့်တက်လာမှုနှင့်အတူ ဆန်တင်ပို့သည့်ပျမ်းမျှဈေးနှုန်းမှာလည်း ယခုနှစ် ပထမ ၁၀ လတွင် ယခင် ၂၀၂၃ နှစ် တူညီသည့်ကာလထက် မြင့်တက်လာကြောင်း သိရသည်။

ပျမ်းမျှအားဖြင့် ထိုင်း Hom Mali ဆန်ဈေးနှုန်းသည် ၇ ဒသမ ၅၉ ရာခိုင်နှုန်း၊ Pathum Thani ဆန်သည် ၂၄ ဒသမ ၆ ရာခိုင်နှုန်း၊ ဆန်ဖြူသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်း၊ ပေါင်းဆန်သည် ၁၀ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆန်စေးသည် ၀ ဒသမ ၆၂ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

အဓိကတင်ပို့ရာဈေးကွက်များတွင် အင်ဒိုနီးရှား၊အီရတ်၊တောင်အာဖရိက၊အမေရိကန်နှင့်ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

Mrs.Arada က ဝန်ကြီးဌာနသည် အိန္ဒိယကဆန်ဖြူတင်ပို့မှုပြန်လည်စတင်သောကြောင့် လာမည့်နှစ်အတွက်တင်ပို့မှုရည်မှန်းချက် ကို လျှော့ချထားကြောင်း ပြောကြားခဲ့သည်။

အိန္ဒိယသည် ၎င်းတို့၏တင်ပို့မှုယာယီတားမြစ်ခဲ့မှုကြောင့် မြင့်မားသောကုန်လက်ကျန်လယ်ဗယ်နှင့် အားကောင်းသော ဆန်ထုတ်လုပ်နိုင်စွမ်းကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

ထို့ပြင် မိုးခေါင်မှုလျော့ပါးလာပြီး စိုက်ပျိုးရန်အတွက် ရေရှိနိုင်စွမ်း မြင့်တက်လာမှုကြောင့် ကမ္ဘာ့ဆန်ထုတ်လုပ်မှုမြင့်တက်လာနိုင်ရန် မျှော်မှန်းရသဖြင့် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယှဉ်ပြိုင်မှုပြင်းထန်နိုင်ကြောင်း သိရသည်။

လာမည့်နှစ်အတွက် ပြည်ပကုန်သွယ်မှုဦးစီးဌာနသည် အဓိကကုန်သွယ်ဖက်နိုင်ငံများတွင် ထိုင်းဆန်အတွက် ပရိုမိုးရှင်းပွဲများကျင်းပခြင်းနှင့်ဆက်ဆံရေးအားကောင်းအောင်ဆောင်ရွက်ခြင်းအားဖြင့်ဆန်တင်ပို့မှုမြှင့်တင်ရန်စီစဉ်နေကြောင်း သိရသည်။

**Source : Bangkok Post**

**DOCA ( ရန်ကုန် )**

https://www.doca.gov.mm/my/node/27823

## ဗီယက်နမ်နှင့်တရုတ် စိုက်ပျိုးမွေးမြူရေး – သစ်တော – ငါးလုပ်ငန်း ကုန်သွယ်မှုမြှင့်တင်ရန်ဖိုရမ်ကျင်းပ



ဗီယက်နမ်နှင့် တရုတ်အကြား စိုက်ပျိုးမွေးမြူရေး-သစ်တော-ငါးလုပ်ငန်းကုန်သွယ်မှု မြှင့်တင်နိုင်မည့် နည်းလမ်းရှာဖွေရန်အတွက် ဖိုရမ်ကို ဒီဇင်ဘာလ ၃ ရက် နေ့က ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနယ်စပ် Lang Son ပြည်နယ်တွင် ကျင်းပခဲ့သည်။

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနMARDနှင့်ပြည်နယ်ပြည်သူ့ ကော်မတီက ပူးပေါင်းကြီးမှူးကျင်းပခဲ့သည့်ထိုဖိုရမ်သည် စီးပွားရေးလုပ်ငန်းများ၊ ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များက နှစ်နိုင်ငံလုံးမှ ဝန်ကြီးဌာနများ၊ အေဂျင်စီများနှင့် စီမံခန့်ခွဲရေး အေဂျင်စီများအား အဆိုပြုချက်များတင်ပြရန် အခွင့်အလမ်းများကို ဆောင်ယူပေးနိုင်ခဲ့ကြောင်း သိရသည်။

MARD ၏ အရည်အသွေး၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ Le Thanh Hoa က တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏အကြီးမားဆုံး ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးသစ်တောငါးလုပ်ငန်းပို့ကုန်တင်ပို့ရာအဓိကဈေးကွက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အပြန်အလှန် ကုန်သွယ်မှုသည် ဗီယက်နမ်၏ ကမ္ဘာပေါ်တွင်စုစုပေါင်းတင်ပို့မှု၏ လေးပုံတစ်ပုံရှိကြောင်း သိရသည်။

အပြန်အလှန်အနေဖြင့် ဗီယက်နမ်သည် တရုတ်၏ ကမ္ဘာပေါ်တွင်အကြီးမားဆုံးကုန်သွယ်ရေးမိတ်ဖက်များထဲမှတစ်ခုဖြစ်ပြီး အာဆီယံတွင်အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးမွေးမြူရေး-သစ်တော-ငါးလုပ်ငန်းကုန်သွယ်မှုသည် တည်ငြိမ်စွာကြီးထွားလျက်ရှိပြီး ယခုနှစ် ပထမ ၁၁ လတာကာလတွင် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံ ရောက်ရှိခဲ့ပြီး ၂၀၂၂ တူညီသည့် ကာလနှင့်နှိုင်းယှဉ်ပါက ၁၃ ဒသမ ၄ ရာခိုင်နှုန်းမြင့် တက်လာကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်ထံမှ နို့ထွက်ပစ္စည်းစက်ရုံနှင့် ထုတ်ကုန် ၁၁ ခု၊ ငှက်သိုက်လုပ်ငန်း ၉ ခု၊ ရေနေမျိုးစိတ် ၄၈ ခုနှင့် ထုတ်ကုန် ၁၂၈ ခုအား တင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

လက်ရှိအချိန်ထိဗီယက်နမ်ကုမ္ပဏီ ၅၉၆ ခုသည်တရုတ်နိုင်ငံသို့ရေနေထုတ်ကုန်တင်ပို့ခွင့်လိုင်စင်ရရှိထားကြောင်းသိရသည်။

တရုတ်နိုင်ငံမှ ကိုယ်စားလှယ်များကလည်း အစိမ်းရောင်ပဲကိတ်၊ အုန်းသီးသကြားလုံးနှင့် လိုက်ချီးသီးခြောက်ကဲ့သို့သော ဗီယက်နမ်သစ်သီးများနှင့် အခြားထုတ်ကုန် များသည် ၎င်းတို့ နိုင်ငံတွင်လူကြိုက်များကြောင်း ပြောကြားခဲ့သည်။

MARD ၏ ဒုတိယဝန်ကြီးဖြစ်သူ Tran Thanh Nam ကလည်း ဆက်လက်၍ နှစ်နိုင်ငံကြား ဘက်ပေါင်းစုံဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်ဖွဲ့မှုအပေါ် ၎င်းတို့၏ပူးတွဲထုတ်ပြန်ချက်အရ နှစ်ဖက်စလုံးသည် အပြန်အလှန်ကုန်သွယ်မှုမြှင့်တင်ရေး သဘောတူညီခဲ့ကြကြောင်း ပြောကြားခဲ့သည်။

**Source : Vietnam Plus**

**DOCA (ရန်ကုန်)**

https://www.doca.gov.mm/my/node/27820

## STOCK EXCHANGE (13.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,807 (Shares) | 18,394,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,200 | 8,400 | 8,200 | 885 | 7,259,000 | 33,109,694 | 278,121 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,150 | 3,200 | 3,150 | 168 | 532,550 | 38,929,150 | 122,627 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 1,244 | 2,375,800 | 29,664,613 | 57,846 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 501 | 1,503,000 | 12,823,224 | 38,470 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 1,900 | 3,155,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | +0 | +0.00% | 4,300 | 4,300 | 4,300 | 109 | 468,700 | 10,497,598 | 45,140 |
| MAEX | 00008 | 3,100 | -50 | -1.59% | 3,100 | 3,100 | 3,100 | 1,000 | 3,100,000 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 13th Dec. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 389.81 | -0.63 | -0.16% | 389.28 | 390.84 | 386.54 | 5,807 | 18,394,050 | 8 | 735,248 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 13th Dec. 2024

| Trading Volume | Trading Value |
|---|---|
| 5,810 (Shares) | 18,403,800 (MMK) |

### Main Board

As of 1:00 pm, 13th Dec. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,807 (Shares) | 18,394,050 (MMK) |

| MYANPIX | 389.81 ▼ 0.63 |
|---|---|
| Total Volume (shares) | 5,807 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 735,248 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 3,100 | ▼ 50 |

TIR